# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

## (၃၀)ရက်မြောက်နေ့ အစီအစဉ်

## [ ၂၀-၅- ၂၀၁၆ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ သာစည်မြို့နယ်အတွင်းရှိ **11 KV** လိုင်းမှ ၂ မိုင် ပတ်လည်အတွင်းရှိ ကျေးရွာများအား လျှပ်စစ်ဓာတ်အား ဆက်သွယ်တပ်ဆင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ သာစည်မြို့နယ်၊ ညောင်ရမ်း ကျေးရွာတွင် (**33 KVA**) ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ နိုင်ငံတော်မှ ကလေးငယ်များအတွက် လုံခြုံစိတ်ချရသော အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်ခြင်း သို့မဟုတ် ဝယ်ယူဖြန့်ဖြူး ပေးနိုင်ခြင်း ရှိ၊ မရှိတို့နှင့် ပြည်တွင်း ပြည်ပမှ ထုတ်လုပ်တင်သွင်းသော ဆေးဝါးများ၏ စစ်မှန်မှုနှင့် စံချိန်စံညွှန်းကို မည်ကဲ့သို့စိစစ်ကြပ်မတ် စစ်ဆေးမှုများရှိသည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က တင်သွင်းသည့် "၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံသား ပြဿနာများကို မြန်မာနိုင်ငံတစ်ဝန်းတွင် ဤဥပဒေနှင့် အညီ ထိရောက်စွာ စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း "အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၊

(ခ) ဦးသိန်းတန်၊ လှည်းကူး မဲဆန္ဒနယ်၊

(ဂ) ဦးလှထွန်းကျော်၊ မောင်တော မဲဆန္ဒနယ်၊

(ဃ) ဦးလမာနော်အောင်၊ အင်ဂျန်းယန် မဲဆန္ဒနယ်၊

(င) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၊

(စ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။